# မျက်မှောက်မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်တဲ့သဘောထားအမြင်တင်ပြချက်

၁ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ၁၉၉၀ ရွေးကောက်ပွဲရလာဒ်တို့သည် ၈၈ ဒီမိုကရေစီအရေးတော်ပုံ၏ အောင်ပွဲရလာဒ်များဖြစ်ပေသည်။ ဤအောင်ပွဲရလာဒ်များအတွက် အမျိုးသားပေါင်းစုံပြည်သူများ၏ အသက်၊ သွေး၊ ချွေးများပေးဆပ်ပေးခဲ့ရပေသည်။ စစ်အစိုးရသည် လမ်းပြမြေပုံ ( ၇ )ချက်ဆိုသည်ကို ရေးဆွဲ၍ ၈၈ ဒီမိုကရေစီ အရေးတော်ပုံ၏ အောင်ပွဲရလာဒ်များကို အပြီးအပိုင် ချေမှုန်းဖျက်ဆီးရန် ကောက်ကောက်ကျစ်ကျစ် ကြံစည်ခဲ့ပေသည်။ယခုအခါ ဤကြံစည်မှု၏ နောက်ဆုံးခြေလှမ်းကိုလှမ်းကာ စစ်အုပ်စု၏ ရာသက်ပန်အုပ်စိုးမှုကို အပြီးသတ်အုတ်မြစ်ချရန် ကြံရွယ်လာခဲ့ပါသည်။

၂၀၁၀ ရွေးကောက်ပွဲသည် ၈၈ ဒီမိုကရေစီအရေးတော်ပုံ၏ အောက်ပွဲရလာဒ်များကို ဖျက်သိမ်း၍ စစ်အစိုးရအလိုကျ ရေးဆွဲအတည်ပြုထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆိုသည်ကို အသက်သွင်းရန်ဖြစ်ပေသည်။ အထူးသဖြင့် မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံ၏ ခေါင်းဆောင်နှင့် မဏ္ဍိုင်တပ်ဖွဲ့ဖြစ်သော NLD နှင့် စစ်အုပ်စု၏ ကြီးစိုးမှုကို စိမ်ခေါ်လာခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ ပုဂ္ဂိုလ်ရေးအခန်းကဏ္ဍကို အပြီးသတ်ဖယ်ရှားပစ်ရန် နောက်ဆုံးခြေလှမ်းကို လှမ်းလာခဲ့ပြီဖြစ်ပေသည်။

၂ ။ ။ နိုင်ငံတကာအခြေအနေ ဖြစ်ပေါ်မှုများသည် စစ်အုပ်စုအတွက်သာမက မြန်မာ့ဒီမိုကရေစီအရေးတော်ပုံအတွက်ပါ အကျိုးရှိသည့်အခြေအနေများ တည်ရှိနေသလို အကျိုးမရှိသည့်အခြေအနေများလည်း တည်ရှိနေပါသည်။ ပြည်တွင်းတွင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်သည့် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးပြိုကွဲသွားခဲ့ခြင်း၊ ဤအခြေအနေ၏ အကျိုးဆက်အဖြစ် အမျိုးသားတန်းတူရေးအတွက် တိုင်းရင်းသား အမျိုးသားအင်အားစုများ ဆင်နွှဲနေသော လက်နက်ကိုင်ခုခံမှုအား စစ်အစိုးရက တင်းကြပ်သည့်ကြားထားရေး ပေါ်လစီဖြင့် ထိန်းချုပ်သွားခြင်း၊ လက်နက်အပ်၊ တပ်ဖျက်၊ဥပဒေတွင်းဝင်ရေး၊ ကြီးပွားချမ်းသာရေး ပေါ်လစီဖြင့် အမှည့်ချွေအချွေခံနေရခြင်း၊ ဥပဒေတွင်းတွင်လည်း ဒေါ်စုအပါအဝင် အရေးပါသော လူထုခေါင်းဆောင်များနှင့် လူငယ်ကျောင်းသားများအား နည်းမျိုးစုံဖြင့် အကျဉ်းချထားခြင်း၊ အခြေခံဒီမိုကရေစီအခွင့်အရေးကြီးများအား ဖျက်သိမ်းထားခြင်း၊NLD အနေဖြင့်လည်း (၁) ဒေါ်စု၏ နိုင်ငံရေးခွန်အားနှင့် ပြည်သူလူထုကြီး၏ နိုင်ငံရေးခွန်အားကို ပေါင်းစပ်မပေးနိုင်ခဲ့ခြင်း၊ (၂) ပြည်တွင်းလူထုတိုက်ပွဲကို အားထားရမည့်အစား နိုင်ငံတကာထောက်ခံမှုပေါ် မှီခိုနေခြင်း၊ (၃) စစ်အုပ်စုကို လူထုတိုက်ပွဲဖြင့် ဖိအားပေးရမည့်အစား စစ်အုပ်စု၏ဆင်ခြင်တုံတရားကို မျှော်ကိုးခြင်း၊ စစ်အစိုးရကပြင်းပြင်းထန်ထန် ဖိနှိပ်ထားခြင်းခံနေရတဲ့ လူထုများနှင့် ဒီမိုကရေစီတိုက်ပွဲဝင် တက်ကြွသူများအား ( ဥပဒေနှင့်အညီ လှုပ်ရှားရေး၊ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်ရေး “ ရွှေပြည်အေးတရား” ဖြင့် ဖျောင့်ဖျနေခြင်း၊ (၄) ပြည်သူလူထုများအား စီးပွားရေးအကျပ်အတည်းက ထိန်းချုပ်ထားခြင်း၊ စစ်အစိုးရ၏ မှိုင်းတိုက်လှည့်ဖြားမှုနှင့် ခြိမ်းခြောက်မှုများကို ခံနေရခြင်း၊ လူထုများအတွင်း ခေါင်းဆောင်မှုမရှိခြင်း စသည့်ချို့ယွင်းချက်များ တည်ရှိနေခြင်း၊ လူထုအခြေပြုနိုင်ငံရေး မတည်ရှိတော့ဘဲ စာပေးစာယူနှင့် အထိမ်းအမှတ်နိုင်ငံရေးက လွှမ်းမိုးနေခြင်း စသည့် အခြေအနေများ တည်ရှိနေခြင်းတို့ကြောင့်၊ ဥပဒေတွင်း ဒီမိုကရေစီတိုက်ပွဲများသည်လည်း “ကျိုး”နေသည်ဟုပင် ဆိုရပါတော့မည်။

၃ ။ ။မြန်မာတို့၏ နိုင်ငံရေးအတွေ့အကြုံများကို ပြန်လည်စစ်ဆေးကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပါလိမ့်မည်။ ၁၈၂၄ မှ ၁၉၀၀ ပြည့်နှစ်များအတွင်း မြန်မာမျိုးချစ်အင်အားစုများသည် ဗြိတိသျှနယ်ချဲ့သမားများအား ရရာလက်နက်ကိုင်စွဲ တိုက်ပွဲဝင်ခဲ့ကြပါသည်။ (၁၉၀၀/၁၉၄၈) ခုနှစ်၊ နှစ်ပေါင်း ၅၀ နီးပါးရှည်ကြာခဲ့သော ‘မြန်မာ့အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှု’အတွင်းတွင်၊ မြန်မာတို့သည် ဥပဒေတွင်း တိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲပုံသဏ္ဍာန်များကို တလှည့်စီကျင့်သုံးခဲ့ကြပါသည်။ လွတ်လပ်ရေးခေတ်တွင် (၁၉၄၈/၄၉) မှ၊ (၁၉၈၈/၈၉) ခုနှစ်များအတွင်းတွင် A.S လက်နက်ကိုင်တိုက်ပွဲသည် အဓိကတိုက်ပွဲပုံသဏ္ဍာန်ဖြစ်ခဲ့ပေသည်။ ၁၉၈၈ မှ ဒီကနေ့အထိ ကာလသည်၊ ဥပဒေတွင်းတိုက်ပွဲကာလဖြစ်သည်ဟု မှတ်ယူရပါလိမ့်မည်။

“မည့်သည့်စည်းရုံးရေးပုံသဏ္ဍာန်၊ မည်သည့်တိုက်ပွဲပုံသဏ္ဍာန်များကို ကိုင်စွဲကြမည်နည်း”ဆိုသည်ကို (လက်တွေ့က) ပြည်သူလူထုများဘက်မှ၊ ဘယ်အခါမျိုးမှာမှ ဆုံးဖြတ်ခွင့်မရှိခဲ့ မရခဲ့ကြပါ။ အဆုံးအဖြတ်ပြု

ကြသည်မှာ၊ အာဏာလက်ရှိ အုပ်စိုးသူများကသာ အဆုံးအဖြတ်ပြု၊ စီရင်ချက်ချခဲ့တာချည်း ဖြစ်ပါသည်။ဤသည် ခေတ်သစ်မြန်မာ့နိုင်ငံရေးသိပ္ပံသမိုင်းက ပြဋ္ဌာန်းပေးခဲ့သည့် သမိုင်းအတွေ့အကြုံများဖြစ်ပါသည်။

ဤသမိုင်းဝင် ခေတ်သစ်မြန်မာ့သမိုင်းအတွေ့အကြုံများကို မျက်မှောက်ခေတ် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးတိုက်ပွဲလက်တွေ့များအဖြစ် အသိရှိရှိ ပေါင်းစပ်ပေးရန်လိုပါသည်။

၄ ။ ။NLD ဗဟိုခေါင်းဆောင်မှုသည် စစ်အစိုးရ၏ နောက်ဆုံးခြေလှမ်းဖြစ်သော " ၂၀၁၀ ရွေးကောက်ပွဲ" လှိုင်းလုံးအောက်တွင် အရာရာကိုနှစ်မြှုပ်ပစ်ရန် ကြံရွယ်သည့် စစ်အစိုးရ၏ ကောက်ကျစ်သည့်ကြံရွယ်ချက်ကို ပြင်းထန်သည့် Non-cooperation Line (ပါတီမှတ်ပုံမတင်ရေး ၊ ရွေးကောက်ပွဲမဝင်ရေး) ဖြင့် ထိုးနှက်ခဲ့ပေသည်။ NLD အား၂၀၁၀ ရွေးကောက်ပွဲသတ်ကွင်းအတွင်းတွင် နောက်ဆုံးတိုက်ပွဲ (Final Showdown) ဖြင့် အပြီးသတ်ချေမှုန်းရန် ကြံရွယ်သည့်ရည်မှန်းချက်သည် မှန်းချက်နှင့်နှမ်းထွက်မကိုက် ဖြစ်သွားခဲ့ရပါသည်။ စစ်အစိုးရသည် ယင်းတို့၏ "ဒုတိယဒီပဲယင်းလုပ်ကြံမှု" ပျက်ပြားသွားရသဖြင့် အကြီးအကျယ်ဆောက်တည်ရာမရ (Desperated) ဖြစ်နေပေသည်။ တိုင်းရင်းသားလူမျိုးစု အမျိုးသားဒီမိုကရေစီအင်အားစုများကလည်း စစ်အစိုးရ၏ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး (လက်နက်အပ်၊ တပ်ဖျက်၊ဥပဒေတွင်းဝင်ရေး (ဥသုံ/အကြွင်းမဲ့လက်နက်ချ အညံ့ခံရေး) ကောက်ကျစ်သည့်ကြံရွယ်ချက်ကို ပြတ်ပြတ်သားသားပယ်ချခဲ့ကြပေသည်။ စစ်အစိုးရသည် NLD၊ တိုင်းရင်းသားလူမျိုးစုတော်လှန်ရေးအင်အားစုများနှင့် မြန်မာ့ဒီမိုကရေစီတော်လှန်ရေး အရေးတော်ပုံအား စာနာထောက်ခံသည့် ကမ္ဘာ့များ၏ကန့်ကွက်မှု စသည့် "သုံးပွင့်ဆိုင်"ဖိအားပေးမှုများကြောင့် အကြပ်ရိုက်နေရပေသည်။ ၂၀၁၀ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ထုတ်ပြန်ကြေညာရန်ပင် အခက်ကြုံနေရပေသည်။

၅။ ။ "၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" တိုက်ဖျက်ရေးတိုက်ပွဲသည် ၂၀၁၀ ရွေးကောက်ပွဲအတွက် မှတ်ပုံမတင်ရေး၊ ရွေးကောက်ပွဲမဝင်ရေးဖြင့် ဇာတ်ဖွင့်ခဲ့ပြီဖြစ်ပါသည်။ ဤတိုက်ပွဲအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ခေါင်းဆောင်နှင့်ပင်မ္မဏိုင်တပ်ဖွဲ့ ဖြစ်ပါသည်။ NLD သည် အမျိုးမျိုးသောစစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ရှိရှိသမျှအင်အားစု၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် စည်းလုံးညီညွတ်မှု ရယူတည်ဆောက်ပေးရပါမည်။ အားလုံးလိုက်ပါ ပါဝင်နိုင်မည့် 'ဘုံလုပ်ငန်းစဉ်' ( Commom Programme ) တစ်ခုညှိနှိုင်းရေးဆွဲသင့်ပါသည်။ ၂၀၀၈ အခြေခံဥပဒေတိုက်ဖျက်ရေးတိုက်ပွဲကော်မတီ ( JAC ) တစ်ခု (အနိမ့်ဆုံး) ဖွဲ့စည်းရန် ကြိုးပမ်းသင့်ပါသည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တိုက်ဖျက်ရေးကြွေးကြော်သံများ ဖေါ်ထုတ် လှုံ့ဆော်ရပါမည်။ ( ၁၉၄၀ခုနှစ်က ဂျပန်ဆန့်ကျင်ရေးမျိုးချစ်အင်အားစုများ ဖွဲ့စည်းစုစည်းသကဲ့သို့ ) အောက်မှအထက်၊ အထက်မှအောက် အဆင့်ဆင့်တိုက်ပွဲကော်မီတီများ (လျှို့ဝှက်) ဖွဲ့စည်းသွားသင့်ပါသည်။ မိမိတို့လူထုဘက်တွင် (အခြားရွေးစရာများမရှိပါ)။ မျက်မှောက်အခြေအနေကဲ့သို့ ဖိနှိပ်မှုကြီးမားခြင်း၊ လွတ်လပ်မှုမရှိခြင်း စသည့် အခြေအနေမျိုးတွင် သမားရိုးကျလွန်းခြင်း၊ အရဲစွန့်လိုခြင်း စသည့် သိမြင်မှုအစွန်း(၂)ပါးကိုကျော်လွန်ရန် (အထူး) လိုအပ်ပါသည်။ ( ဂျပန်ခေတ်သည် မျက်မှောက်ခေတ်အတွက် ဘယ်လိုနေ၊ဘယ်လိုလှုပ်ရှားကြမှာလဲ ဆိုသည် အတွက်) အကောင်းဆုံးအတွေ့အကြုံနှင့် နမူနာများဖြစ်မည် ထင်ပါသည်။

၆။ ။စစ်အုပ်စုသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းချိန်မှစ၍ ယနေ့အထိ ယင်းတို့၏အုပ်စိုးမှုကို "ကတုတ်(၂)ခု ပေါ်လစီ" ဖြင့် ကာကွယ်နေခဲ့ကြောင်း တွေ့ရပါမည်။ (ပထမခံကတုတ်) မှာ"ဖွဲ့စည်းအုပ်ချုပ်ပုံကတုတ်"ဖြစ်ပါသည်။ (ဒုတိယကတုတ်) မှာ"စစ်တပ်ကတုတ်" ဖြစ်ပါသည်။ 'ဖွဲ့စည်းပုံ' သည် 'ကာကုန်း' ဖြစ်၍ 'စစ်တပ်'သည် နောက်ဆုံး'ခံစစ်ကုန်း'ဖြစ်ပါသည်။ '၈၈ ဒီမိုကရေစီအရေးတော်ပုံက' ကာကုန်းဖြစ်သော'၇၄ဖွဲ့စည်းပုံ' ခံကတုတ်ကိုဖြိုချလိုက်၍ စက်တင်ဘာ၁၈ အာဏာသိမ်းပွဲဖြင့် (စစ်တပ်ခံကုန်း)ဖြင့် ယင်းတို့၏အုပ်စိုးမှုကို ကာကွယ်ခဲ့ကြပါသည်။ မကြာခင်က '၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ' ကာကုန်းကို ပြင်ဆင်တည်ဆောက်ခဲ့ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲဖြင့် စစ်အုပ်စုကခေါင်းဆောင်သည့်ပါတီစုံစနစ်(အတု)ဖြင့် ၎င်းတို့၏အုပ်စိုးမှုကို အခိုင်အမာ ကာကွယ်သွားမည်ဖြစ်ပါသည်။ ဗိုလ်နေဝင်းက စစ်အုပ်စု၏အုပ်စိုးမှုကို (တစ်ပါတီစနစ်)ဖြင့် အုပ်ထိန်းခဲ့သည်။ ယခုဗိုလ်သန်းရွှေက (သမိုင်းခေတ်ရေစီးကြောင်းနှင့်အညီ) ပါတီစုံစနစ်(အတုဖြင့်) စစ်အာဏာရှင်စနစ်ကိုကာကွယ်သွားရန် ကောက်ကျစ်စွာ ကြံရွယ်လာခဲ့ပါသည်။

လက်ဝဲဇာတ်ပျက်များဖြစ်ကြသော မောင်စူးစမ်း၊သခင်တင်မြ၊ကျော်ဝင်း၊အောင်မိုးစံ၊(ထွန်းအောင်ကျော်) (ခေတ်သစ်နိုင်ငံရေးသိပ္ပံဘောဂဗေဒအမည်ခံ အလံနီဇာတ်ပျက်များက) စစ်အစိုးရရဲ့ အုပ်စိုးမှုကိုသက်ဆိုးရှည်စေ

မည့် ပါတီစုံစနစ်(အတု) ကို သနပ်ခါးလိမ်း ပန်းပန်၊ အရှုးဘုံမြှောက် လုပ်ပေးနေကြပါသည်။ အခြားတဖက်ကလည်း စစ်အုပ်စုနှင့် ယင်းတို့၏အမြီးစားဘက် ခေါင်းစားဘက်များ၊ ဝေစားမျှစားလုပ်နေကြသည့် ဈေးကွက်စီးပွားရေးစနစ် အတုကို ကျင့်သုံးနေကြပါသည်။ မြန်မာ့ဦးပိုင်ကုမ္ပဏီသည် ပုဂ္ဂလိကလုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်းကျော်ကို လက်ဝါးကြီးအုပ်ထားပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးများမှာလည်း စစ်အုပ်စုလက်ထဲ၌သာရှိနေပါသည်။ စစ်အုပ်စုသည် ဗျူရိုကရက်အရင်းရှင်စနစ်၊ ကရိုနီအရင်းရှင်စနစ်( Crony Capitallism) နှင့်(Nepotism)ခေါ် ဆွေမျိုးသားချင်း ကောင်းစားရေးစနစ်များကို ကျင့်သုံးနေခြင်းသာ ဖြစ်ပေသည်။ စစ်အုပ်စုနှင့် အပေါင်းပါများ လုယက်သိမ်းပိုက်ထားသည့် ဥစ္စာခနေလုံခြုံရေးအတွက် စစ်အုပ်စုလက်ထဲ၌ နိုင်ငံတော်အာဏာ ရှိမှဖြစ်ပါမည်။ ၂၀၁၀ ရွေးကောက်ပွဲသည် ဤ 'အာဏာကွက်လပ်'ကိုဖြည့်ဆည်းရန် ကျင်းပသော ရွေးကောက်ပွဲမျှသာ ဖြစ်ပေသည်။ မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ ယခုကဲ့သို့ ရှည်ကြာကွေ့ကောက်နေခြင်းမှာ လုပ်နည်းကိုင်နည်းကြောင့် (လုံး၀)လုံး၀မဟုတ်ပေ။ စစ်အုပ်စုနှင့် ဒီမိုကရေစီအင်အားစု အမျိုးမျိုးတို့အကြား၊ စစ်အုပ်စုနှင့် ပြည်သူများအကြားက "အခြေခံအကျိုးစီးပွားများ"နက်ရှိုင်းစွာ ပဋိပက္ခဖြစ်နေသောကြောင့်သာ ဖြစ်ပါသည်။

၇။ ။မြန်မာ့ဒီမိုကရေစီအရေးတော်ပုံသည် ဆိုဗီယက်ပြည်ထောင်စုကဲ့သို့ (၁) နိုင်ငံရေး (၂)စီးပွားရေး (၃) တိုင်းရင်းသားလူမျိုးစုအမျိုးသားရေး– စသော အခြေခံပဋိပက္ခများ ရှည်ကြာရှုတ်ထွေးစွာ ဖြစ်ပေါ်နေခဲ့ပါသည်။ ရှေ့တွင် ယခုထက်ပိုမိုရှုတ်ထွေး၊ ပြင်းထန်နက်ရှိုင်းသည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်စရာရှိပါသည်။

ဤအခြေအနေ ဖြစ်ပေါ်မှုများကို လက်တွေ့ကျကျ၊ လက်ဦးမှုရှိရှိ ကိုင်တွယ်ဖြေရှင်းနိုင်ရန် မြန်မာ့ဒီမိုကရေစီ အင်အားစုများအနေဖြင့် အစစ ဖက်စုံ ပြင်ဆင်ထားကြရန် နှိုးဆော်အပ်ပါသည်။*

* စစ်အာဏာရှင်စနစ်ကို အပြီးတိုင် ချေမှုန်းကြ။
* ဒီမိုကရေစီအရေးတော်ပုံ တိုက်ပွဲကို အဆုံးတိုင်ဆင်နွှဲကြ။
* ရှိရှိသမျှ ဒီမိုကရေစီအင်အားစုများ စည်းလုံးညီညွတ်ကြ။
* မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံ မုချအောင်ရမည်။


မြန်မာ့ဒီမိုကရေစီမဟာမိတ်များ

အင်အားစု

( M.D.A.F )


မေလ(၂၇) ရက်၊၂၀၁၀

နေပြည်တော်။